# မြန်မာ့အမျိုးသမီးသမဂ္ဂ

မေလ ၂၀၂၆ ခုနှစ်

## ၂၀၂၆ ခုနှစ် ဧပြီလအတွင်း အကြမ်းဖက် စစ်အုပ်စုသည် လေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှု အသုံးပြုပြီး အမျိုးသမီး "၄၄" ဦး အား သတ်ဖြတ်ခဲ့သည်။

အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေသည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများကြောင့် အသက်ဆုံးရှုံးနေရသည်။ ၂၀၂၆ ခုနှစ် ဧပြီလ(၁) ရက်နေ့မှ (၃၀) ရက်နေ့ အတွင်း အမျိုးသမီး (၄၄) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခု အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်း တင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့ မြေပြင်အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။



| | |
|---|---|
| သေဆုံးသူ | ၄၄ |
| ထိခိုက်ဒဏ်ရာရသူ | ၅၇ |

# အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

## အမျိုးသမီးသေဆုံးသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၆ ခုနှစ် ဧပြီလ အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၄၄) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းများမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၃၆) ဦး၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၄) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၂) ဦးနှင့် ကျည်ထိမှန်မှုကြောင့် (၂) ဦး တို့ ဖြစ်ကြသည်။

သေဆုံးသူ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ် အရေအတွက်




သေဆုံးသူများထဲမှ ကိုယ်ဝန်ဆောင်အမျိုးသမီး အရေအတွက်




## အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အရေအတွက်




အမျိုးသမီး (၅၇) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုသို့ ထိခိုက်ဒဏ်ရာရရှိသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၅) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၆) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၄ဦး) နှင့် ကျည်ထိမှန်မှုကြောင့် (၁) ဦး တို့ ဖြစ်ကြသည်။

ဒဏ်ရာရှိသူများထဲမှ မသန်စွမ်းအမျိုးသမီး အရေအတွက်



# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြပုံ

| ပြည်နယ်၊ တိုင်း | သေဆုံးသူ အမျိုးသမီး အရေအတွက် |
|---|---|
| မန္တလေးတိုင်း | ၁၁ |
| စစ်ကိုင်းတိုင်း | ၈ |
| ကရင်ပြည်နယ် | ၆ |
| ပဲခူးတိုင်း | ၄ |
| ရခိုင်ပြည်နယ် | ၄ |
| ကချင်ပြည်နယ် | ၃ |
| ချင်းပြည်နယ် | ၃ |
| မကွေးတိုင်း | ၂ |
| ကရင်နီပြည်နယ် | ၂ |
| တနင်္သာရီတိုင်း | ၁ |




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၆ ခုနှစ် ဧပြီလတွင် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများဦးရေသည် မန္တလေးတိုင်း မှ (၁၁) ဦး၊ စစ်ကိုင်းတိုင်းမှ (၈) ဦး၊ ကရင်ပြည်နယ်မှ (၆) ဦး တို့ ဖြစ်ကြပြီး မန္တလေးတိုင်းသည် ၂၀၂၆ ခုနှစ် ဧပြီလတွင် အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်သည်။